DeKalb County
School District

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်

လေးစားအပ်ပါသော DeKalb County School District မိသားစု။

ကျောင်းသားများနှင့် ဝန်ထမ်းအားလုံး၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသည် ကျွန်ုပ်တို့၏ အဓိက ဦးစားပေးသည့်အရာများဖြစ်ပြီး နောင်တွင်လည်း ထိုအတိုင်း ဆက်လက်တည်ရှိနေပါမည်။

ထိုအချက်ကြောင့် Dekalb County School District သည် ကျွန်ုပ်တို့၏ ကျောင်း၊ စင်တာနှင့် အဆောက်အဦးပေါင်း ၁၅၀ ရှိ သောက်သုံးရေထဲတွင်  ခဲပါဝင်မှုရှိမရှိကို စ စစ်ဆေးနေပါသည်။

လတ်တလောဖြစ်ရပ်များကြောင့် ရေအရည်အသွေးနှင့်ပတ်သက်သော ကိစ္စရပ်များသည် နိုင်ငံတော်မှ အလေးထားအာရုံစိုက်လာသော ကိစ္စရပ်တစ်ခု ဖြစ်လာသည်။ **ကျွန်ုပ်တို့၏ ကျောင်း သို့မဟုတ် အဆောက်အဦးတွင် ရေအရည်အသွေးနှင့်ပတ်သက်၍ ပြဿနာရှိကြောင်း  မည်သည့်အထောက်အထားမျှ  မတွေ့ရသည်ကို နားလည်ထားစေလိုပါသည်။** သို့သော်လည်း ကျွန်ုပ်တို့၏ ရေသည် သောက်သုံးရန် လုံခြုံစိတ်ချရမှုရှိကြောင်း ကျောင်းသားများနှင့် ဝ ကျောင်းသားများနှင့် ဝန်ထမ်းများ၊ အသိုင်းအဝိုင်းများအား သိစေလိုပါသည်။

စစ်ဆေးမှုသည် စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင်ပါမည်။ DeKalb County ကျန်းမာရေးဘုတ်အဖွဲ့နှင့် DeKalb County အစိုးရတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျှက် ကျွန်ုပ်တို့သည် အောက်ပါနေရာများမှ နမူနာများ ထုတ်ယူမည်-

- အဆောက်အဦးသို့ ရေပေးဝေနေသော အဓိက ရေပိုက်များအားလုံး
- မီးဖိုချောင်အားလုံး
- ရေပန်းအားလုံး
- ရေချိုးကန်းကန်များအားလုံး
- ရေခဲစက်များ
- ဆရာနားနေခန်းထဲရှိ ရေရရှိရာ နေရာများ
- အားကစားကွင်းများ

ခရိုင်၏ သက်တမ်းအရင့်ဆုံး အလယ်တန်းကျောင်းများမှ အစပြု၍ နေရာတိုင်းကို နှစ်ကြိမ်တိုင်တိုင် ရေနမူနာထုတ်ယူမှု ပြုလုပ်ပါမည်။  ကျောင်းများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အေဂျင်စီ (EPA) လမ်းညွှန်ချက်များကို လိုက်နာကြောင်း သေချာစေရန် ဖြစ်ပါသည်။ **ရယူထားသော နမူနာတစ်ခုခုက EPA လုပ်ဆောင်ရမည့်အဆင့်များတွင် ခဲပါဝင်သည်ဟု ညွှန်ပြလျှင် ကျွန်ုပ်တို့သည် ထိုနေရာမှ ရေရယူအသုံးပြုနေခြင်းကို  ချက်ချင်းရပ်ကာ  ပြုပြင်မှုများလုပ်ပါမည် သု သို့မဟုတ် ထိုပြဿနာကို ဖယ်ရှားပါမည်။** လိုအပ်ပါက ပြဿနာကို ဖြေရှင်းပြီးသွားသည်အထိ ရေသန့်ဘူးများကို စီစဉ်ပေးပါမည်။

စစ်ဆေးမှုရလဒ်များကို စာဖြင့် လက်ခံရရှိမည်ဖြစ်ပြီး ခရိုင်၏ ဝဘ်ဆိုက်ဖြစ်သော **www.dekalbschoolsga.org/lead-testing** တွင်လည်း ရရှိနိုင်ပါသည်။ အပ်ဒိတ်များနှင့် နောက်ထပ်အချက်အလက်များကို သိရှိရန် ကျွန်ုပ်တို့၏ ဝဘ်ဆိုက်သို့ မကြာခဏ သွားရောက်ကြည့်ရှုပါ။ မေးမြန်းလိုသည်များရှိပါက **DCSD_Communications@dekalbschoolsga.org** ထံသို့လည်း အီးမေးလ် ပေးပို့နိုင်ပါသည်။

ကျွန်ုပ်တို့၏ ကျောင်းသားများနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို သေချာစေရန် ကျွန်ုပ်တို့ ဆောင်ရွက်နေသည့် အဆ ကျွန်ုပ်တို့ ဆောင်ရွက်နေသည့် အဆင့်တိုင်းကို သင့်ထံ ဆက်လက် အကြောင်းကြားပါမည်။

လေးစားစွာဖြင့်

| | | |
|---|---|---|
| ဒေါက်တာ R. Stephen Green | S. Elizabeth Ford, M.D. | Lee May |
| ညွှန်ကြားရေးမှူး | ခရိုင်ကျန်းမာရေးဒါရိုက်တာ | လက်ရှိ အလုပ်အမှုဆောင်အရာရှိချုပ် |
| DeKalb စီရင်စုနယ်ရှိ အစိုးရကျောင်းရုံး | DeKalb စီရင်စုနယ်ရှိ အစိုးရကျောင်းရုံး | DeKalb စီရင်စုနယ်ရှိ အစိုးရကျောင်းရုံး |